# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 10, 2019 Volume 20, Number 6


**၁၀.၆.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၂၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၆၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၄/ကျပ် |
| CBM Rate | = ၁၅၂၇.၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၅.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၇.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၇.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၆.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၄.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၂၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၆၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၈၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၆၈၂ ကျပ် |

## ပြည်တွင်းဈေးကွက်ကိုရည်ရွယ်ပြီး ကျောက်မျက်အတွဲများကို ကျပ်ငွေဖြင့် ရောင်းချပေးနေ

ဇွန် ၈ ရက်မှစတင်ကာ ရောင်းချနေသည့် နေပြည်တော် ကျောက်မျက်ရတနာ ရောင်းချပွဲတွင် ပြည်တွင်းဈေးကွက်ကို အဓိကရည်ရွယ်ကာ မြန်မာကျပ်ငွေဖြင့် ရောင်းချပေးနေသည်ဟု မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသန်းဇော်ဦးကပြောသည်။ ပြည်တွင်းကုန်သည်ငယ်လေးတွေရဲ့ ကုန်ကြမ်းရရှိရေး ၊ လုပ်ငန်းရှင်တွေရဲ့ ဝင်ငွေရရှိရေးပေါ့။ ကျောက်ဆိုတာက အမျိုးအစားအမျိုးမျိုး ရှိတဲ့အခါမှာ အခုကကျပ်ငွေနဲ့ ရောင်းချပွဲက သာမာန်အားဖြင့်တော့ ပုတီး လက်ကောက်ရတဲ့ ကျောက်အမျိုးအစားကို အများစုရောင်းတာပေါ့ဟု ၎င်းက ပြောသည်။

ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများပါဝင်သော ယင်းကျောက်မျက်ရတနာ ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဇွန်လ ၈ နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်ရောင်းချနေပြီး ၆ ရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ် သည်။ ပုတီး၊ လက်ကောက်အစရှိသည့် အသေးစားလက်ဝတ်ရတနာများကိုသာ ပြုလုပ်နိုင်သောကျောက်များကို အများစုတူးဖော်ရရှိသည့်အတွက် ယင်းကျောက်များကို ရောင်းချခွင့်ရရှိစေရန် ပွဲကိုကျင်းပရခြင်းဖြစ်ကြောင်းသိရပြီး မြန်မာကျပ်ငွေဖြင့် ရောင်းချသည့်ပွဲဖြစ်ခြင်းကြောင့် နိုင်ငံခြားကုန်သည်များကို ဝင်ရောက်ခွင့်မပေး ကြောင်းသိရသည်။ တကယ်တူးဖော်ထုတ်လုပ်ရတာလည်း ဒီကျောက်အမျိုးအစား တွေက အများကြီးရတယ်။ အများကြီးရတာဖြစ်တဲ့အတွက် ဒီထက်ပိုပြီးတော့မှ အဆင်ပြေတဲ့ ဈေးကွက်ဖြစ်နိုင်တဲ့ကျောက်တွေကို ဒီလိုပွဲမှာရောင်းလိုက်ပြီးတော့မှ အများဆုံးဖြစ်တဲ့ ဒီလိုကျောက်တွေကိုတော့ ကျပ်ငွေပွဲမှာ ရောင်းပေးတယ်။ ပြည်တွင်းဈေးကွက်လေးမှာ တပိုင်တနိုင်လက်ဝတ်ရတနာလေးတွေ၊ အမှတ်တရ ပစ္စည်းလေးတွေ အများကြီးလုပ်ယူလို့ရတယ်။ အဲဒါလေးတွေအတွက် ရောင်းပေးတဲ့ပွဲ ဖြစ်တယ်ဟု ဦးသန်းဇော်ဦးကပြောသည်။

ကျောက်မျက်ရတနာပွဲအများစုကို နိုင်ငံခြားငွေဖြင့်သာ အများဆုံးရောင်းချခြင်း ဖြစ်ပြီး ယခုကျပ်ငွေပွဲတွင် ပြည်တွင်းဈေးကွက်အတွက်ရည်ရွယ်သည့် ပုတီး၊ လက်ကောက်ပစ္စည်းများထုတ်နိုင်သော ကျောက်အမျိုးအစားအများစုသာပါဝင်နေ သည်။ လက်ရှိတွင် ကျောက်စိမ်းများကို တရားမဝင်ရောင်းဝယ်ဖောက်ကားခြင်းကို မပြုလုပ်နိုင်စေရန် မန္တလေး၊ မြစ်ကြီးနားကဲ့သို့မြို့များနှင့် ပြည်နယ်များတွင်လည်း ယူရိုငွေ (သို့မဟုတ်) မြန်မာကျပ်ငွေဖြင့် ရောင်းချနိုင်မည့်ပွဲများကို ပြုလုပ်သွားရန် စီစဉ်လျက်ရှိနေသည်ဟု မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလဗိုင်ခွန်ဆာထံမှသိရသည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်လအတွင်းက နေပြည်တော်၌ပြုလုပ်ခဲ့သည့် ၅၅ ကြိမ်မြောက် ရတနာပြပွဲတွင် ပုလဲ၊ ကျောက်မျက်၊ ကျောက်စိမ်းတွဲများမှ ရောင်းချ ရရှိငွေ စုစုပေါင်းယူရိုငွေ ၄၂၇.၀၉၅ သန်းရရှိခဲ့ပြီး ပြည်တွင်းပြည်ပရတနာ ကုန်သည်များ၊ ကုမ္ပဏီများလာရောက်ဝယ်ယူခဲ့ကြခြင်း ဖြစ်သည်။ **Source:** http://www.mizzimaburmese.com/article/57672


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## အိန္ဒိယအစိုးရက ပဲစင်းငုံတင်သွင်းမှု တိုးမြှင့်ခွင့်ပြုဖွယ်ရှိ

အိန္ဒိယအစိုးရသည် ပဲစက်လုပ်ငန်းများ၏ ပဲတင်သွင်းမှုခွဲတမ်းကို တိုးမြှင့်ပေးဖွယ်ရှိကြောင်း ပဲစက်လုပ်ငန်းများနှင့် ကုန်သည် များက ပြောကြားထားသည်။ အိန္ဒိယဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်တွင် ပဲစင်းငုံရောင်းလိုအား နည်းနေရာ အိန္ဒိယ လက်လီ ဈေးကွက်၌ ပဲစင်းငုံဈေးများသည် တစ်ကီလိုလျှင် ၁၀၀ ရူပီးအထိ ဈေးမြင့်တက်လာသည်။ မတ်ပဲ၊ စားတော်ပဲ စသည့် အခြားပဲမျိုးစုံ ဈေးနှုန်းများလည်း အတက်ပြနေသည်ဟု ၎င်းတို့ကပြောသည်။ အိန္ဒိယအစိုးရသည် လက်ရှိခွင့်ပြုထားသော ပဲစင်းငုံတင်သွင်းမှုခွဲတမ်း တန်ချိန်နှစ်သိန်းအပြင် ထပ်မံ၍ ပဲစင်းငုံတန်ချိန်သိန်းနှင့်ချီ ခွင့်ပြုသွားဖွယ်ရှိသည်ဟု ကုန်သည် များကပြောသည်။ နှစ်နှစ်ကျော်လောက် တင်သွင်းမှု ဖြတ်ထားခဲ့တဲ့နောက်မှာ ပဲစင်းငုံဈေး အတက်ပြနေပါတယ်။ နောက်ပြီး ပဲစိုက်ဒေသတွေမှာ မိုးရွာသွန်းမှု မညီညာမှာကိုလည်း မျှော်လင့်ထားပါတယ်။ ဒီအခြေအနေအရ အစိုးရဟာ ပဲစင်းငုံနဲ့ တခြားပဲတွေအတွက် သွင်းကုန်ခွဲတမ်းထပ်မံချပေးဖို့ရှိပါတယ်ဟု အိန္ဒိယ ပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း၏ ဒုတိယဥက္ကဋ္ဌ Kothari ကပြောသည်။

ထပ်မံခွင့်ပြုမည့် သွင်းကုန်ခွဲတမ်းမှာ ပဲစင်းငုံတစ်မျိုးတည်းအတွက် တန်ချိန်ခုနစ်သိန်းမှရှစ်သိန်းအထိ ရှိနိုင်မည်ဟု ဒေလီမြို့အခြေစိုက် ကုန်သည်တစ်ဦးကပြောသည်။ အခြားပဲမျိုးစုံများအတွက်မူ အစိုးရနှင့် ပြည်နယ်အဖွဲ့များထံတွင် ကုန်လက်ကျန်ရှိနေပြီး လိုအပ်သည်နှင့်ထုတ်ပြန်ရောင်းချသွားရန်ရှိသည်ဟု ၎င်းတို့ကပြောသည်။ အိန္ဒိယက ပဲတင်သွင်းမှု ကန့်သတ်ခဲ့သော ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း ကမ္ဘာ့ပဲစင်းငုံထုတ်လုပ်မှုလျော့နည်းလာသည်ဟု Kothari က ပြောသည်။ အိန္ဒိသည် ပဲစင်းငုံကို မိုဇမ်ဘစ်၊ မာလာဝီ၊ တန်ဇားနီးယားနိုင်ငံတို့မှလည်းကောင်း၊ မတ်ပဲကို မြန်မာနိုင်ငံမှ လည်းကောင်း၊ စားတော်ပဲကို ကနေဒါ၊ ယူကရိန်းနှင့် ရုရှားနိုင်ငံတို့မှလည်းကောင်းတင်သွင်းလေ့ရှိသည်။ လက်ရှိတွင် အိန္ဒိယသည် ပဲစင်းငုံတန်ချိန်နှစ်သိန်းနှင့် ပဲတီစိမ်း၊ မတ်ပဲ၊ စားတော်ပဲတန်ချိန် တစ်သိန်းခွဲစီကို တင်သွင်းမှုခွင့်ပြုထားသည်။ အိန္ဒိယပဲစက်လုပ်ငန်းရှင်များအသင်းသည် စားတော်ပဲတန်ချိန် လေးသိန်းထပ်မံတင်သွင်းခွင့်ရရန် ကုန်သွယ်ရေးဝန်ကြီးက ထံ တောင်းဆိုထားကြောင်း အသင်းဥက္ကဋ္ဌ Suresh Agrawai ကပြောသည်။ မုတ်သုံမိုးဟာ ပဲဈေးနဲ့ အစိုးရက ပဲတင်သွင်းမှုဗျူဟာအပေါ် အဓိကလွှမ်းမိုးပါလိမ့်မယ်။ မုတ်သုံမိုးအားပျော့ရင် ပဲတင်သွင်းဖို့ လိုအပ်ကောင်း လိုအပ်နိုင် ပါတယ်ဟု ၎င်းကပြောသည်။

**Source:** https://www.facebook.com/myanmaawba/?ref=page_internal

## ဆယ်နှစ်ကြာ ပိတ်ပင်ထားသော ဆန်တင်ပို့မှုကို ဘင်္ဂလားဒေ့ရှ် ပြန်ဖွင့်ပေးလိုက်ပြီ

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆန်စပါးဈေးနှုန်းများ ထိုးကျနေခြင်းကြောင့် ဆယ်စုနှစ်ကြာ ပိတ်ပင်ထားသော ပြည်ပသို့ ဆန်တင်ပို့မှုကို အစိုးရက ပြန်လည်ဖွင့်ပေးလိုက်ပြီး အများဆုံး ဆန်တန်ချိန် ၁.၅ သန်းအထိ တင်ပို့နိုင်ရန် မျှော်မှန်းကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးကပြောကြားသည်။ မကြာသေးခင်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆန်စပါးဈေးနှုန်းများ ထိုးကျ နေသဖြင့် တောင်သူများက ၎င်းတို့၏ စပါးများကိုမီးရှို့၍ ဆန္ဒထုတ်ဖော်ပြီးနောက် အစိုးရက ပြည်ပမှ ဆန်တင်သွင်းမှုအပေါ် သွင်းကုန်ခွန်ကို ၂၈ % မှ ၅၅ % သို့ သိသာစွာ တိုးမြှင့်သတ်မှတ်ပေးခဲ့သည်။အစဉ်အလာအရ ကမ္ဘာပေါ်တွင် စတုတ္ထ မြောက် ဆန်အများဆုံးထုတ်လုပ်သူဖြစ်သော ဘင်္ဂလားဒေ့ရှ်တွင် ပြည်တွင်းဆန်ဈေးများ ခေါင်ခိုက်မြင့်တက်ခဲ့သည့် ၂၀၀၈ ခုနှစ်၊ မေလက ဆန်အမျိုးအစားအချို့ကို ပြည်ပသို့တင်ပို့မှုပိတ်ပင်ခဲ့ပြီး နောက်တစ်နှစ်အကြာတွင် ဆန်အမျိုးအစား အားလုံးကို တင်ပို့ခွင့်ပိတ်ပစ်ခဲ့သည်။ မကြာသေးခင်က ဘင်္ဂလားဒေ့ရှ်တွင် ဆန်စပါးဈေးကျဆင်းခဲ့သည့်တိုင် ဘင်္ဂလားဒေ့ရှ် ၏ ဆန်ပေါက်ဈေးသည် အိန္ဒိယနှင့်ထိုင်းကဲ့သို့သော ထိပ်တန်းဆန်ပို့နိုင်ငံများ၏ ရောင်းဈေးထက်ပင် မြင့်မားနေဆဲ ဖြစ်သည်ဟု အိန္ဒိယ၊ မွန်ဘိုင်းမြို့အခြေစိုက် နိုင်ငံတကာဆန်ကုန်သွယ်ရေးလုပ်ငန်းတစ်ခုမှ ကုန်သည်တစ်ဦးက ပြောဆို သည်။

လက်ရှိဈေးနှုန်းအတိုင်းသာဆို ဘယ်သူမှဝယ်မှာမဟုတ်ပါဘူး။ အစိုးရက ပို့ကုန်ဆန်ဈေးနှုန်းကို ကြေးဝင်လျှော့ချပေး မှသာ တင်ပို့နိုင်ပါလိမ့်မယ်ဟု ၎င်းကုန်သည်က ဆက်လက်ပြောဆိုသည်။ ထိပ်တန်းဆန်ပို့ကုန်နိုင်ငံများဖြစ်သော အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့သည် ယခင်နှစ်ကဘင်္ဂလားဒေ့ရှ်တွင် ဆန်လိုအပ်ချက်ဖြစ်ပေါ်ခဲ့သောကြောင့် တင်ပို့ရောင်းချခဲ့ရဖူးသည်။ လတ်တလော အာရှဆန်ဈေးကွက်တွင် အရောင်းအဝယ်မရှိသလောက် ငြိမ်သက်နေသဖြင့် ဆန်ဈေးနှုန်း အတက်အကျ မှာလည်း သိသာခြင်းမရှိဘဲ တည်ငြိမ်နေခဲ့သည်။ အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်ဟူသော ထိပ်တန်းဆန်ပို့ကုန်နိုင်ငံများထဲတွင် ဗီယက်နမ်ဆန်ဈေးသည် ပြည်တွင်း၌ စပါးပေါ်လာသည်နှင့်အမျှ ယခုထက်ပို၍ ကျဆင်းလာမည်ဟုခန့်မှန်းထားကြသည်။

**Source:** https://www.facebook.com/gromaxxmyanmar/posts/170734603619852

## မြန်မာ့ပဲ အိန္ဒိယနိုင်ငံကို ရက်ပိုင်းအတွင်း တင်ပို့နိုင်တော့မည်

အိန္ဒိယနိုင်ငံကို မြန်မာပဲတွေ အခုရက်ပိုင်းအတွင်း စတင်ပို့နိုင်တော့မယ်လို့ မြန်မာနိုင်ငံပဲနှမ်းအသင်းကပြောပါတယ်။ အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံအကြား ကိုယ်တာစနစ်နဲ့ ပဲတင်ပို့ဖို့အတွက် ပဲတန်ချိန်ငါးသိန်းသဘောတူညီချက်ရရှိထားပါတယ်။ မေလ အတွင်းမှာ အိန္ဒိယနိုင်ငံရဲ့ ရွေးကောက်ပွဲရှိနေတာကြောင့် ပဲတင်ပို့ဖို့ကိစ္စဟာ ခေတ္တရပ်နားသွားခဲ့ပါတယ်။ လက်ရှိမှာ အိန္ဒိယ အစိုးရသစ်ကို ဖွဲ့စည်းပြီးပြီဖြစ်တာကြောင့် ပဲအရောင်းအဝယ်တွေပြန်လုပ်ဖို့ အိန္ဒိယနိုင်ငံဘက်မှာ ပြင်ဆင်မှုတွေ စတင်နေပါတယ်။ အိန္ဒိယဘက်က စတင်ဝယ်ယူတာနဲ့ မြန်မာပြည်ကရောင်းချပေးဖို့ အဆင်သင့်ဖြစ်နေပြီလို့ ပဲနှမ်းအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောပါတယ်။

မြန်မာပြည်အတွက်ကိုတာ ပဲတန်ချိန် ၅ သိန်းမှာ ပဲတီစိမ်းနဲ့ မတ်ပဲတန်ချိန် ၃ သိန်းနဲ့ ပဲစင်းငုံတန်ချိန် ၂ သိန်း သတ်မှတ်ထားပါတယ်။ လက်တလော ပဲဈေးကွက်မှာ မတ်ပဲတစ်တန်ကို ရှစ်သိန်းလေးသောင်း၊ မတ်ပဲ SQ တစ်တန်ကို ဆယ်သိန်း ငါးသောင်း၊ ပဲစင်းငုံဟောင်းတစ်တန်ကို ကိုးသိန်းလေးသောင်းနဲ့ ပဲစင်းငုံအသစ်တစ်တန်ကို ဆယ်သိန်း သုံးသောင်းလောက် ပေါက်ဈေးရှိနေတယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်က ပြောပါတယ်။

**Source: DVB**

https://www.facebook.com/myanmaeconomic/

## ပြည်ပဈေးကွက်ရှိလာ၍ ရေနံချောင်းမြို့ထွက် ကြက်သွန်နီအသေးများ အရောင်းအဝယ်ဖြစ်

ပြည်ပဈေးကွက်ရှိလာ၍ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ထွက် ကြက်သွန်နီများအနက် ကြက်သွန်နီအသေး များ အရောင်းအဝယ်ဖြစ်ကာ ဈေးတက်နေကြောင်း ကြက်သွန်နီဈေးကွက်မှသိရသည်။ ရေနံချောင်းမြို့နယ်ထွက် ကြက်သွန်နီများတွင် ဥကြီး၊ ဥလတ်နှင့်ဥသေးဟူ၍ သုံးမျိုးရှိပြီး ယခုအခါ ပြည်ပဈေးကွက်ရှိလာ၍ ကြက်သွန်နီအသေးများ အရောင်း အဝယ်ရှိနေကာ ဈေးတက်နေခြင်းဖြစ်သည်။

မေလနောက်ဆုံးအပတ်မှာ ကြက်သွန်နီအသေး တစ်ပိဿာ ကျပ် ၂၉၀ ကနေ ကျပ် ၃၀၀ဈေး ပေါက်တယ်။ အရောင်းအဝယ်ကလည်း တစ်ပတ်ကို ပိဿာနှစ်ရာဝန်းကျင်ပဲရှိတယ်။ အခုတစ်ပတ်မှာ ကြက်သွန်နီအသေး တစ်ပိဿာ ကျပ် ၃၅၀ နဲ့ ၄၀၀ ပေါက်ဈေးပေးဝယ်ပြီး၊ တစ်နေ့ ပိဿာ ၅၀၀ ကျော်အထိ အဝယ်ရှိနေတယ်ဟု ရေနံချောင်းမြို့ခံ ကြက်သွန်ပွဲစား ဦးစိုးလွင်ကပြောကြားသည်။ ယခုနှစ်တွင် ရေနံချောင်းမြို့နယ်၌ ကြက်သွန်စိုက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိ ရသည်။

**Source: democracytoday**

https://www.yangonmedia.com/economy/item/14604

## ကလေးဒေသထွက် စိန်တစ်လုံးသရက်နှင့် ပတ္တမြားသရက်သီးများ မြန်မာ-အိန္ဒိယနယ်စပ်မှ အများဆုံးဝယ်ယူနေ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသထွက် စိန်တစ်လုံးသရက်နှင့်ပတ္တမြားသရက်များကို ပြီးခဲ့သည့်နှစ်များက မုံရွာ၊ မန္တလေးနှင့် တရုတ်နယ်စပ်ဈေးကွက်များမှ အများဆုံးဝယ်ယူခဲ့သော်လည်း ယခုနှစ်တွင် တမူးနယ်စပ်ဈေးကွက်နှင့် ချင်းပြည်နယ် မြန်မာ-အိန္ဒိယနယ်စပ် ရိဒ်မှတစ်ဆင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှ အများဆုံးဝယ်ယူနေကြောင်း ကလေးမြို့သစ်သီးဈေးကွက်မှသိရသည်။ ကလေးဒေသသည် ရာသီဥတုကောင်းမွန်ပြီး ရေပေါများသည့်ဒေသဖြစ်သည့် အတွက် ဒေသတွင်း ရာသီအလိုက် သီးနှံများ၊ နှစ်ရှည်သီးနှံများဖြစ်ထွန်းသည့်ဒေသဖြစ်သည်။

ဒေသထွက်ပန်းသီး၊ လိမ္မော်သီး၊ ထောပတ်သီး၊ သရက် သီး၊ စပျစ်သီး၊ ရာသီအလိုက်အသီးအနှံစုံဝယ်ပါတယ်။ ရောင်း ပါတယ်။ ကျွန်တော်တို့ပွဲရုံကို နေ့စဉ်သရက်သီးသေတ္တာ အလုံးရာချီဝင်တယ်။ ကျွန်တော်ကလည်း သေတ္တာရာချီပြီး ဈေးကွက်ကိုတင်ပို့တယ်။ အခုနှစ် အများဆုံးတင်ပို့ရောင်းချရတာကတော့ ရိဒ်နယ်စပ်နဲ့ တမူးနယ်စပ်ဈေးမှဖြစ်ပါတယ်ဟု ကလေးမြို့ ဝင်းမင်းသန်း၊ မချိုချိုမွှေး(ချိုမွှေး) သစ်သီးစုံရောင်းဝယ်ရေးပွဲရုံမှ ကိုဝင်းမင်းသန်းက ဇွန် ၅ ရက်တွင် ပြောသည်။ ယခုရက်ပိုင်း တမူးနှင့် ရိဒ်နယ်စပ်ဈေးကွက်တွင် ကလေးဒေသထွက် သရက်သီးသေတ္တာရာချီ၍ အရောင်း အဝယ်ဖြစ်နေပြီး ယခုရက်ပိုင်း အလုံး ၁၀၀ ပါ စိန်တစ်လုံးသရက်သီး သေတ္တာတစ်လုံးလျှင် နယ်စပ်ဈေးတွင် ကျပ် ၄၂၀၀၀ နှင့် ပတ္တမြားသရက်အလုံး ၁၀၀ ပါ သေတ္တာတစ်လုံးလျှင် ကျပ် ၂၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

ကလေးဒေသတွင် သရက်မျိုးစုံစိုက်ပျိုးသူဦးရေ ၅၀ ဝန်းကျင်ရှိပြီး စိုက်ဧကထောင်ချီရှိကာ ထိုမာ၊ ထောက်ကြန့်၊ စခန်းကြီး၊ အင်ဒိုင်းကြီးကျေးရွာများဝန်းကျင်တွင် စိုက်ပျိုးမှုများပြားကြောင်း ဒေသခံဦးခင်မောင်မြင့်ကပြောသည်။ ယခု

ရက်ပိုင်း တမူးနယ်စပ်ဈေးတွင် စိန်တစ်လုံးသရက်သီး တစ်ပိဿာကို ကျပ် ၃၅၀၀၀န်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ရိဒ်နယ်စပ်ဈေးတွင် စိန်တစ်လုံးသရက်သီး တစ်လုံးကို အလုံးသေးလျှင် တစ်လုံး ကျပ်၅၀၀၊ အလုံးလှလျှင် ကျပ် ၇၀၀ မှ ကျပ် ၁၀၀၀ ဝန်းကျင် အထိအရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။

**Source: democracytoday**

https://www.yangonmedia.com/economy/item/14603

## တရုတ်ပြည်တွင်းပင်လယ်မျှော့ အရင်းအမြစ်ရှားပါး ရုရှားအရှေ့ဖျားဒေသရှိ ပင်လယ်မျှော့များ တရုတ်သို့တင်ပို့မှု ၂ နှစ် အတွင်း (၁၅)ဆမြင့်တက်လာ




၂၀၁၈ခုနှစ် ရုရှားပင်လယ်မျှော့များ တရုတ်နိုင်ငံသို့ တင်ပို့မှုသည် ၂၀၁၇ခုနှစ်ထက် (၂)ဆတိုးမြင့်ပြီး ၂၀၁၆ ခုနှစ်ထက် (၁၅)ဆတိုးမြင့်ခဲ့ကြောင်း ရုရှား Primorsky Krai ပင်လယ်ကမ်းစပ်ဒေသ ပင်လယ်ရေမွေးမြူအဖွဲ့အသင်းမှ ပြောကြားခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ရုရှားအရှေ့ဖျားဒေသရှိ ပင်လယ်မျှော့များ တရုတ်နိုင်ငံသို့ တင်ပို့တန်ချိန်မှာ (၁.၉၅)တန်ရှိပြီး ၂၀၁၇ ခုနှစ်တွင် တန်ချိန်(၅.၁၈) တန်ရှိကာ ၂၀၁၈ ခုနှစ်တွင် ထိုအညွှန်းကိန်းမှာ (၁၆)တန်သို့ လျင်မြန်စွာတိုးမြှင့်လာခဲ့ကြောင်း သိရပါသည်။ ထို့အတူ ရုရှားအရှေ့ဖျားဒေသ ပင်လယ်မျှော့များ ဂျပန်နိုင်ငံသို့တင်ပို့မှုမှာ ကျဆင်းလာလျက်ရှိပြီး ကိုရီးယားနိုင်ငံသို့တင်ပို့မှုမှာမူ လုံးဝရပ်နားသွားခဲ့ပါသည်။

၎င်းအသင်း၏ အလေးထားပြောကြားချက်အရ ၂၀၁၆ ခုနှစ် ရုရှားနိုင်ငံ၏ ဂျပန်နိုင်ငံသို့ ပင်လယ်မျှော့တင်ပို့တန်ချိန်မှာ (၆.၉) တန်ရှိပြီး ၂၀၁၇ ခုနှစ်တွင် (၄.၇)တန်သို့ကျဆင်းခဲ့ကာ ၂၀၁၈ ခုနှစ်တစ်နှစ်လုံးတွင် တန်ချိန် (၃.၅)တန်သာ ရှိတော့ကြောင်းသိရပါသည်။ ပင်လယ်မျှော့များ ကိုရီးယားနိုင်ငံသို့တင်ပို့မှုမှာ ၂၀၁၇ ခုနှစ်၌သာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်းသိရပါသည်။

**Source:**www.foods1.com

https://www.facebook.com/shweliayarnews/

## ယခုနှစ်အတွင်း ပြောင်းဈေးနှုန်းကျဆင်းနေသော်လည်း ထိုင်းနိုင်ငံသို့တင်ပို့နေရသည့်အတွက် တောင်သူများအဆင်ပြေ

ယခုနှစ်အတွင်း ပြောင်းဈေးနှုန်းများကျဆင်းနေသော်လည်း ထိုင်းနိုင်ငံသို့ တင်ပို့နေရသည့်အတွက် ပြောင်းစိုက်တောင်သူများအဆင်ပြေကြောင်း Universe Livestock and Agriculture Corn Seeds Agua & Swine Feed Trading Co.,Ltd.မှ ဦးခင်စိုး၏ ပြောပြချက်အရသိရသည်။ ဈေးကမကျတော့ဘူး။ တက်လည်းမတက်ဘူး။ အခြေအနေက မှန်းလို့မရသေးဘူး။ လက်ရှိထိုင်းနိုင်ငံကို တင်ပို့နေရလို့ တောင်သူတွေ အဆင်ပြေတယ်ဟု ဦးခင်စိုးကပြောသည်။ လတ်တလောတွင် ထိုင်းနိုင်ငံသို့ တစ်ရက်လျှင် အစေ့ထုတ်ပြောင်းကားအစီးရေ ၇၀ ဝန်းကျင်တင်ပို့နေပြီး တန်ချိန် ၂၀၀၀ နီးပါး တင်ပို့နေကြောင်း မြန်မာနိုင်ငံပြောင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရသည်။

ယခင်က ပြည်တွင်းမှထွက်ရှိသည့် အစေ့ထုတ်ပြောင်းကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့ခဲ့သော်လည်း တရုတ်နိုင်ငံမှ တင်ပို့ခွင့်ပိတ်လိုက်သည့်အတွက် ထိုင်းနိုင်ငံသို့ ဈေးကွက်ပြောင်းလဲတင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။ အစေ့ထုတ်ပြောင်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ၌ အဓိကထားစိုက်ပျိုးလျက်ရှိပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် တခြားပြည်နယ်တို့၌လည်း စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။ လတ်တလောတွင် အစေ့ထုတ်ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၃၅၀ မှ

၄၀၀ ကြားအထိ ဈေးနှုန်းရရှိကြောင်းသိရသည်။

**Source: Myawaddy**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2039-corn-market.html

## အရာတော်ဒေသထွက် သနပ်ခါးတန်ဖိုးမြင့် ထုတ်ကုန်သုံးမျိုးကို အိန္ဒိယဈေးကွက်သို့ စမ်းသပ်တင်ပို့

မုံရွာခရိုင်အရာတော်ဒေသထွက် သနပ်ခါးတန်ဖိုးမြင့် ထုတ်ကုန်သုံးမျိုးကို အိန္ဒိယဈေးကွက်သို့ စမ်းသပ်တင်ပို့ခဲ့ကြောင်း မြန်မာနိုင်ငံသနပ်ခါးအသင်းဥက္ကဋ္ဌ ဦးကျော်မိုးကပြောသည်။ အရာတော်ဒေသထွက် သနပ်ခါးကို ကုန်ကြမ်းအသုံးပြု ထုတ်လုပ်ထားသည့် သနပ်ခါးအမြစ်အခေါက်မှုန့် ပေါင်ဒါ၊ အညောင်းပြေ သနပ်ခါးအဖြစ် လိမ်းဆေးရည်နှင့် မျက်နှာသစ် သနပ်ခါးဆပ်ပြာတို့ကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ ကုန်သည်များထံ ဇွန်လ ၆ ရက်တွင် စမ်းသပ်တင်ပို့ခဲ့သည်။ မန္တလေးမှာနေတဲ့ ကုန်သည်တစ်ဦးက သနပ်ခါးထုတ်ကုန် သုံးမျိုးကို နယူးဒေလီမှာရောင်းဖို့စမ်းပြီးတင်ပို့တာပါ။ သနပ်ခါး ထုတ်ကုန်သုံးမျိုးကို နည်းနည်းစီပဲစမ်းပို့တာ။ အိန္ဒိယဘက်က ကုန်သည်တွေလက်ခံရင်တော့ များများတင်ပို့ရမှာပါဟု ဦးကျော်မိုးကပြောသည်။

အရာတော်မြို့ ရွှေစင်သနပ်ခါး တန်ဖိုးမြင့်ထုတ်ကုန်လုပ်ငန်းမှ အဆိုပါသနပ်ခါးထုတ်ကုန်သုံးမျိုးကို အိန္ဒိယဈေးကွက်သို့ တစ်မျိုးလျှင် အခုရေ ၃၀၀ နှုန်း စမ်းသပ်တင်ပို့ခဲ့ကြောင်း ၎င်းကပြောသည်။ သနပ်ခါးဈေးကျတော့ တောင်သူတွေ သိပ်မကိုက်ဘူး။ အရင်သနပ်ခါးအပင်တစ်ပင် အများဆုံး နှစ်သောင်းခွဲ၊ သုံးသောင်းလောက်အထိဈေးရတယ်။ အခု တစ်ပင် တစ်သောင်းရဖို့မလွယ်ဘူး။ အဓိကသနပ်ခါးအလှကုန်တွေ ဈေးကွက်ထဲဝင်လာတော့ သနပ်ခါးလိမ်းတဲ့သူနည်းလာတယ်။ အဲဒီအလှကုန်ထုတ်တဲ့သူတွေကလည်း သနပ်ခါးကုန်ကြမ်းဝယ်တာနည်းတော့ သိပ်မရောင်းရဘူး။ အခုကိုယ့်ဒေသက သနပ်ခါး ပြည်တွင်း၊ ပြည်ပဈေးကွက်အရောင်းသွက်လာရင်တော့ သနပ်ခါးအဝယ်ပြန်လိုက်လာနိုင်တယ်ဟု အရာတော်မြို့ ဒေသခံ သနပ်ခါးရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးကပြောသည်။

**Source:** http://www.7daydaily.com/story/158003

## ဂျပန်ဘဏ္ဍာရေးလုပ်ငန်း ဆူမီတိုမိုက မြန်မာအပါအဝင် သုံးနိုင်ငံသို့ စီးပွားရေးလုပ်ငန်းများတိုးချဲ့မည်

ဂျပန်ဘဏ္ဍာရေးလုပ်ငန်းစုကြီးဖြစ်သည့် Sumitomo Mitsui Financial Group (SMFG)က မြန်မာအပါအဝင် ဖိလစ်ပိုင်၊ အိန္ဒိယနိုင်ငံတို့တွင် စီးပွားရေးလုပ်ငန်းများ ထပ်မံတိုးချဲ့မည်ဖြစ်ကြောင်းထုတ်ပြန်သည်။ အဆိုပါလုပ်ငန်းစုကြီးသည် အနာဂတ်ပင်လယ်ရပ်ခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အထက်ပါသုံးနိုင်ငံကို စဉ်းစားထားခြင်းဖြစ်သည်ဟုဆိုထား သည်။ ကျွန်တော်တို့က အာရှမှာ စီးပွားရေးနဲ့လူဦးရေတိုးတက်လာတဲ့နိုင်ငံတွေ၊ ဂျပန်နိုင်ငံနဲ့လည်း ဆက်ဆံရေး ကောင်းတဲ့နိုင်ငံတွေကို လုပ်ငန်းတွေတိုးချဲ့ဖို့ကြည့်နေတာပါဟု အဆိုပါလုပ်ငန်းစုအမှုဆောင်အရာရှိချုပ် ဂျွန်အိုတာက ပြောသည်။

Sumitomo Mitsui Finan-cial Group (SMFG)သည် ဂျပန်နိုင်ငံတွင် ဈေးကွက်လွှမ်းမိုးမှု ဒုတိယအကြီးဆုံး လုပ်ငန်း တစ်ခုဖြစ်သည့်အပြင် ကမ္ဘာ့အကြီးဆုံး ဘဏ္ဍာရေးလုပ်ငန်းစုကြီးတစ်ခုဖြစ်သည်။ Sumitomo Mitsui ဘဏ်လုပ်ငန်းသည် မြန်မာနိုင်ငံ၌ ၂၀၁၂ တွင် ပြည်တွင်းဘဏ်တစ်ခုဖြစ်သည့် ကမ္ဘောဇဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ တွင် ၁၉၉၆ ၌ ရုံးခွဲဖွင့်လှစ်ထားပြီး ၂၀၁၄ ၌ နိုင်ငံခြားဘဏ်ခွဲအဖြစ် စတင်ဖွင့်လှစ်ခဲ့ကာ ၂၀၁၆ တွင် သီလဝါအထူး စီးပွားရေးဇုန်၌ ရုံးခွဲဖွင့်လှစ်ခဲ့သည်။

ဗဟိုဘဏ်က နိုင်ငံခြားဘဏ်များ ထပ်မံဖွင့်လှစ်ခွင့်ပေးမည်ဖြစ်ပြီး လက်ကားဘဏ်လုပ်ငန်းကိုပါ လုပ်ခွင့်ပြုခြင်းနှင့် ဘဏ်ခွဲအစား လက်အောက်ခံကုမ္ပဏီတစ်ခုအနေဖြင့် ခွင့်ပြုပေးရန်လည်းရှိသည်ဟု အစိုးရ၏ ဒုတိယတစ်နှစ်တာ လုပ်ငန်းဆောင်ရွက်များ သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ခဲ့သည်။ လက်ရှိတွင် ပြည်တွင်း၌ နိုင်ငံခြားဘဏ် ၁၃ ခုကို ဘဏ်ခွဲအဆင့်သာ ခွင့်ပြုပေးထားပြီး လက်ကားဘဏ်လုပ်ငန်းသာ ခွင့်ပြုပေးထားသည်။

**Source:** http://www.7daydaily.com/story/158105

## ဆန်တန်ချိန်တစ်သိန်းရောင်းချရေး တရုတ်ကုမ္ပဏီနှင့် မကြာမီစာချုပ်ချုပ်ဆိုမည်

တရုတ်နိုင်ငံသို့ တရားဝင်ဆန်တန်ချိန်တစ်သိန်းရောင်းချရန် ယခုလတတိယပတ်တွင် နှစ်နိုင်ငံကုမ္ပဏီများ အရောင်း အဝယ်စာချုပ် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဦးဆောင်မှုဖြင့် ဆန်ရောင်းချမည့်ကုမ္ပဏီများနှင့် တရုတ်နိုင်ငံမှ COSCO ကုမ္ပဏီတို့ ဘေဂျင်းမြို့၌ ဆန်တန်ချိန် တစ်သိန်းရောင်းချရေး အရောင်းအဝယ်စာချုပ် လက်မှတ်ရေးထိုးမည်ဖြစ်သည်။ ပြီးခဲ့သည့် ဧပြီက ဒုတိယအကြိမ်မြောက်ရပ်ဝန်းနှင့်ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် တက်ရောက်ခဲ့သော နိုင်ငံတော်၏အတိုင်ပင်ခံခရီးစဉ်တွင် မြန်မာနိုင်ငံမှဆန်တန်ချိန်တစ်သိန်း တရားဝင်ဝယ်ယူရေး သဘောတူညီမှုစတင် အကောင်အထည်ဖော်ခြင်းဖြစ်သည်။ အရောင်းအဝယ်အတွက် တရုတ်ကုမ္ပဏီနဲ့ ဒီဘက်က MRF ဦးဆောင်ပြီး ကုမ္ပဏီတွေနဲ့ စာချုပ်ချုပ်ဖို့ပါဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးကပြောသည်။

တရုတ်နိုင်ငံသို့ ဆန်တန်ချိန်တစ်သိန်းရောင်းချရေးနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ဇွန်လ ၁၀ ရက်တွင် နေပြည်တော်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ပြုလုပ်မည်ဖြစ်သည်။ ယခုတရုတ်နိုင်ငံသို့ ဆန်တန်ချိန် တစ်သိန်း တရားဝင်ရောင်းချရေးသည် ဒုတိယအကြိမ်ဖြစ်ပြီး ပြီးခဲ့သည့်အစိုးရလက်ထက်က ဆန်တန်ချိန် တစ်သိန်း ပင်လယ်ရေကြောင်းမှ တရားဝင်ရောင်းချနိုင်ခဲ့သည်။ ယခုဘဏ္ဍာနှစ် ရှစ်လအတွင်း တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ငါးသိန်းကျော်သာတင်ပို့နိုင်သည်။ ယခင်နှစ်နှင့်ယှဉ်လျှင် ထက်ဝက်ခန့်လျော့နည်းနေချိန်တွင် တရားဝင်ဆန်ရောင်းချရန် အစီအစဉ်က မြန်မာ့လယ်ယာကဏ္ဍအတွက် သတင်းကောင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူ အချို့ကပြောသည်။ ပြည်ပသို့ ဆန်တင်ပို့မှု နှစ်(၇၀)ကျော်အတွင်း စံချိန်တင်ခဲ့သော ၂၀၁၇-၁၈ ဘဏ္ဍာနှစ်၌ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၁ ဒသမ ၉ သန်းခန့်တင်ပို့နိုင်သည်။ ပြည်ပဆန်တင်ပို့မှု ၃ ဒသမ ၆သန်းခန့်တွင် တရုတ်တစ်နိုင်ငံတည်းသို့ ၅၀ ရာခိုင်နှုန်းကျော် တင်ပို့ခဲ့သည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်ရောင်းချမှုတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့်ရောင်းချပြီး တရုတ်နိုင်ငံက တရားမဝင်ဝယ်ယူခဲ့သည်။

၂၀၁၈ နှစ်ကုန်က စတင်ပြီး ယူနန်အစိုးရက တရားမဝင် ကုန်သွယ်ရေး တားဆီးမှုကြောင့် မြန်မာနိုင်ငံမှ ဆန်အပါအဝင် လယ်ယာထွက်ကုန်များ တင်ပို့နိုင်ခြင်းမရှိပေ။ ထိုအခြေအနေကိုဖြေရှင်းရန် နှစ်နိုင်ငံကုန်စည်ဖလှယ်သည့်စနစ် အကောင်အထည်ဖော်ရန် ယူနန်အစိုးရတာဝန်ရှိသူများနှင့် စီးပွားကူးသန်းဝန်ကြီးဌာနတို့က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။ ထို့နောက် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ကူမင်းမြို့၌ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များညှိနှိုင်း၍ မူဆယ်နယ်စပ်မှ ဆန်တန်ချိန်တစ်သောင်းကို တရားဝင်ရောင်းချရန် သဘောတူညီမှုရရှိခဲ့သည်။ မြန်မာ၊ တရုတ် နယ်စပ်ကုန်သွယ်ရေး စတင်ပြီး ဆယ်စုနှစ်တစ်ခုအတွင်း ပထမအကြိမ် တရားဝင်ကုန်သွယ်ရေးစတင်အကောင်အထည်ဖော်ခြင်းဖြစ် သည်။ ဆန်တစ်အိတ်လျှင် ၁၀၁ ယွမ် (၂၂,၃၂၁ ကျပ်)ဖြင့် ဆန်တန်ချိန် တစ်သောင်း (အိတ်ရေနှစ်သိန်း) ရောင်းချမည် ဖြစ်သည်။ ထို့အပြင် ယူနန်အစိုးရက တရုတ်ကုန်သည်များကို ချပေးသောပါမစ်များဖြင့် တစ်ပတ်လျှင် ဆန်တန်ချိန် တစ်ထောင်ခန့် တင်ပို့ရောင်းချနေကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင်မှ အသင်းဝင် ဦးမင်းသိန်းကပြောသည်။

**Source:** http://www.7daydaily.com/story/158100

## ကမ္ဘာ့ရေနံဈေး ကျသဖြင့် ၎င်းအပေါ် မှီခိုနေရသော ပြည်တွင်းစက်သုံးဆီဈေးကျ




ကမ္ဘာ့ရေနံဈေး ကျသဖြင့် ၎င်းအပေါ်မှီခိုနေရသော ပြည်တွင်းစက်သုံးဆီဈေးသည် နှစ်ပတ်အတွင်း တစ်လီတာလျှင် ၁၀၀ ကျပ်ဝန်းကျင်အထိ ဈေးကျသွားကြောင်း မန္တလေးတိုင်းဒေသကြီး စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေး အသင်းမှသိရသည်။ အထက်ပါအသင်းက အပတ်စဉ်သောကြာနေ့တိုင်း စက်သုံးဆီ ပေါက်ဈေးနှုန်းများအား ထုတ်ပြန်လျက်ရှိရာ ပြီးခဲ့သည့် မေလ ၂၄ ရက်က ထုတ်ပြန်ခဲ့သော စက်သုံးဆီဈေးနှုန်းအရ ဒီဇယ်တစ်လီတာလျှင် ၁၀၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၁၀၄၅ ကျပ်၊ အောက်တိန်း 92 ၉၈၀ ကျပ်၊ အောက်တိန်း 95 ၁၀၅၀ ကျပ်တို့ရှိခဲ့ပြီး ယခုလ ၇ ရက်တွင် ဒီဇယ်တစ်လီတာ ၉၆၀ကျပ်၊ အဆင့်မြင့်ဒီဇယ် ၉၇၅ ကျပ်၊ အောက်တိန်း 92 ၈၇၅ ကျပ်၊ အောက်တိန်း 95 ၉၄၀ ကျပ်အထိ ပျမ်းမျှတစ်လီတာလျှင် ၁၀၀ ကျပ်ဝန်းကျင်အထိ ဈေးကျသွားကြောင်းသိရသည်။ ပြည်တွင်းကို တင်သွင်းတဲ့သူတွေအနေနဲ့က စင်ကာပူက သွင်းတာကြောင့် အဲဒီဈေးတွေ အပေါ်မူတည်ပြီး

ငွေလဲလှယ်နှုန်းနဲ့တွက်လိုက်တဲ့အခါ ဈေးနှုန်းအတက်အကျ ဖြစ်တာပါဟု နီလာရိုးမစက်သုံးဆီဆိုင်ပိုင်ရှင် ဦးသန်းထွန်းကပြောသည်။

ပြီးခဲ့သည့် မေလက ကမ္ဘာ့ရေနံဈေးကွက်အတွင်း WTI ရေနံတစ်ပေပါလျှင် အမေရိကန်ဒေါ်လာ ၆၇ မှ ၆၈ ဒေါ်လာအထိရှိခဲ့ရာမှ ယခုလဆန်းပိုင်းမှစ၍ တစ်ပေပါလျှင် ခြောက်ဒေါ်လာမှ ရှစ်ဒေါ်လာအထိဈေး ကျဆင်းသွားကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှသိရသည်။ ကမ္ဘာ့ရေနံဈေးကျဆင်းမှုနှင့်အတူ ပြည်တွင်းဈေးကွက်အတွင်း ရောင်းချသူအချင်းချင်း ပြိုင်ဆိုင်မှုပြင်းထန်ကာ ဈေးလျှော့ရောင်းချမှုများလည်းရှိလာသဖြင့် ဈေးနှုန်းကျဆင်းမှုအပေါ် အကျိုးသက်ရောက်မှုတစ်ခုဖြစ်စေသည်ဟု ပြည်တွင်းစက်သုံးဆီ တင်သွင်းရောင်းချသူများက ပြောကြသည်။ ဆီဈေးတက်တက်၊ ကျကျ လုပ်ငန်းကလုပ်နေရတာဆိုတော့ ဈေးကျရင်တော့ အကျိုးအမြတ်ပိုလာသလို လုပ်ငန်းလည်ပတ်မှုလဲ ပိုသွက်တာပေါ့ဟု မန္တလေးစက်မှုဇုန်အတွင်းက ရေခဲစက်လုပ်ငန်းရှင်တစ်ဦးကပြောသည်။ ပြီးခဲ့သည့်သောကြာက ကမ္ဘာ့ရေနံဈေးသည် တစ်ပေပါလျှင် သုံးဒေါ်လာအထိ ပြန်တက်လာခဲ့ပြီး ယခုလာမည့်တနင်္လာနေ့တွင် ဈေးကွက်အလားအလာကိုစောင့်ကြည့်ရမည်ဖြစ်ပြီး ကမ္ဘာ့ရေနံဈေးအကျဘက်ဦးတည်နေပါက ပြည်တွင်းဈေးကွက်လဲ ဆက်လက်ကျနိုင်ဖွယ်ရှိသည်ဟု ပြည်တွင်းစက်သုံးဆီတင်သွင်းရောင်းချသူအချို့က ဈေးကွက်အလားအလာကို ခန့်မှန်းကြသည်။

**Source:** http://www.betvmyanmar.com/my/news/

## STOCK EXCHANGE (10.6.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 10th Jun. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 12,000 | 4,336 | 52,032,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 5,063 | 16,707,900 | 38,929,150 | 128,466 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 24,000 | +500 | +2.13% | 23,500 | 24,000 | 23,500 | 989 | 23,735,000 | 2,472,053 | 59,329 |
| TMH | 00005 | 3,050 | +50 | +1.67% | 3,000 | 3,050 | 3,000 | 4,029 | 12,095,250 | 12,212,906 | 37,249 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 463.34 | +1.36 | +0.29% | 461.98 | 463.34 | 461.98 | 14,417 | 104,570,150 | 5 | 632,565 |


**Index chart**



# Market Overview

As of 1:00 pm, 10th Jun. 2019

| MYANPIX | 463.34 ▲ 1.36 |
|---|---|
| Total Volume (shares) | 14,417 |
| Total Value (MMK) | 105 mil |
| Listed Company | 5 |
| Market Cap. (MMK) | 632,565 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 24,000 | ▲ 500 |
| TMH | 00005 | 3,050 | ▲ 50 |

TIR